# လည်သူပတ်ပြေး
# ဂူ့ ဆခွင့်ဆရေး

သန်းထိုက်လူ



# လူဘေးသင့်နေတဲ့ ရန်ကုန်

မဟာရန်ကုန်မြို့တော်ကြီးကို ကမ္ဘာအနံ့အသက် အ ဆိုးဆုံးစ ၁ရ င်းမျ၁ ထာ၀ရ နံ့ပါတ်တစ်နဲ့ ရပ်တည်ဖို့ ပလက်ဖောင်းဈေးသူ ဈေးသားတွေနဲ့ စည်းပျက်ကမ်းပျက်အမှိုက်စွန့်ပစ်တတ်တဲ့ ပြည်ထောင်စု သမ္မတ နိုင်ငံတော်သားသမီးများက နေ့စဉ်ကူညီပံ့ပိုးနေကြတယ်ဗျ။ အဲဒါကြောင့်လည်း မိုးတစ်မနှစ်မရွာချလိုက်တာနဲ့ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တစ်ထောင်၊ လသာမကျန် ရေတွေ အားလုံးလျှံနေတာပေ့ါ။ တစ်ခါတစ်လေ ရန်ကုန်သူတွေကို မိကျောင်း၀ င ်ဆ ွမ ျ၁ စိုးရိမ်ရလောက်အောင် ရေပြင်ထုထည်က ကြောက်စရာကောင်းလှပေစွ။

စည်ပင်ဌာနက ဘယ်လိုပဲ ကဏ္ဍအလိုက် ခွဲထားခွဲထား လွဲမှားတဲ့ အဖြစ်မျိုး ပွဲစားရဲ့ စနစ်ဆိုးနဲ့ နေရာတိုင်းမှာ ငွေရှာခိုင်းတော့ တွေ့နေရတယ်လေ။ ဥပမာ စည်ပင်သာယာ ဈေးများ ဌာနက ဟိုအရင်တုန်းကတော့ ဈေးသည် တွေကို ရေနုတ်မြောင်း မကျော်ရစနစ်နဲ့ နှစ်ပေပတ်လည်လောက် ဈေးဗန်းတွေ ရောင်းချခွင့်ပေးပြီး တစ်ဆိုင်တစ်ရာကျပ်နဲ့ အခွန်ကောက်ယူခဲ့ဖူးတယ်ဗျ။ ဒါပေမယ့် အဲဒီ အခွင့်အရေးကို မတရားအမြတ်ထုတ်ချင်တဲ့ ဈေးသူဈေးသားတွေက လေးငါးဧကလောက် သိမ်းပိုက်ချင်လာတယ်။ အခုဆိုရင် ရန်ကုန်မြို့လယ်ခေါင်မှာ ပလက်ဖောင်းတွေအားလုံး ဈေးသည် တွေရဲ့ အကြမ်းဖက်မှု အောက်မှာ သွေးသံရဲရဲနဲ့ ကြေကွဲနေရရှာပြီဗျ။

ရန်ကုန်မြို့ထဲမှာ ရှိတဲ့ ပလက်ဖောင်းဈေးသည် တွေရဲ့ အင်အားကို စာရင်းပြုလိုက်ရင် မြန်မာပြည်လူဦးရေရဲ့ သုံးပုံနှစ်ပုံလောက် ရောက်ရှိနေပြီမို့ ဘယ်လိုစီမံချက်နဲ့ ပဲ တားဆီးတားဆီး အားကြီးတဲ့ ဈေးသည်

တွေကပဲ အနိုင်ယူဗိုလ်စွဲနေမှာ ဗျ။ အဲဒီ တော့ မြန်မာအစိုးရအနေနဲ့ လောကကိုင်ကို နယ်မြေရှင်းလင်းသလိုမျိုး မဟာရန်ကုန်မြို့တော်ကြီး ကိုလည်း အကောင်းဆုံး စစ်ဗျူဟာတွေ ခင်းကျင်းပြီး ပြန်တိုက်ယူနိုင်မှ တော်ရာကျတော့မယ်လို့ ပျော်ပျော်နေသူ သန်းထိုက်သူ အကြံပေးတော် မူလေစွတကား။ စည်ပင်လက်ဖြောင့်တပ်သား အလိုရှိသည် ဆိုပြီး ရပ်ကွက်တိုင်း၊ လမ်းတိုင်းမြို့နယ်တိုင်းမှာ ဆိုင်းဘုတ်ချိတ်ရင်း ကြော်ညာကြပေရော့။

လိုအပ်ရင် စည်ပင်ရိုင်ဖယ်တပ်ရင်း၊ တပ်ခွဲရင်း။ တပ်ခွဲတွေ တိုးချဲ့။ ဒါမှ မလုံလောက်သေးဘူ ဆိုရင်တော့ စည်ပင်အမြောက်တပ်ဖွဲ့၊ စည်ပင်ချူကလီးယား တပ်ဖွဲ့၊ စည်ပင်ဝေဟင်မှ မြေပြင်ပစ်တပ်ဖွဲ့ ဒါမျိုးတွေ လုပ်ကြပေရော့။ ဒီလိုမှ မဟုတ်ရင် မဟာရန်ကုန်မြို့တော်ကြီး ပုပ်ပွပျက်စီးနေဦးမှာ ပဲဗျ။ ကားလမ်းတွေပိတ်ဆို့နေဦးမှာ ဗျ။

ကျွန်ုပ်က ဘယ်သူ့ကိုမှ သာစေနာစေ အတွေးနဲ့ စာတွေဘာတွေ မရေးခဲ့ပါဘူး။ စည်ပင်အရာရှိတွေရဲ့ အားနည်းချက်ကို သိသလို စည်းပျက်ကမ်းပျက် နိုင်ငံသူနိုင်ငံသားဈေးသည် အချောင်သမားတွေကိုလည်း ရပ်ကွက်တိုင်း။ မြို့နယ်တိုင်းမှာ တွေ့နေမြင်နေရလို့ စည်ပင်ကိုလည်း ပစ်မိန့်ပေးသင့်ပြီဗျ။ လာဘ်စားတဲ့ စည်ပင်အရာရှိတွေကိုလည်း ရပ်သံဇာတ်လမ်းတွင် အဟုတ်အမြန်မှတ်တမ်းတင်ရင်း ပြည်သူလူထုကြီး အားရကျေနပ်စွာ ကြည့်ရှုတော်မူခွင့်ရရှိအောင် ညစဉ်ထုတ်လွှင့်တော်မူကြပေရော့။

လွန်ခဲ့တဲ့ ၂၀၀၁ ခုနှစ်တုန်းက လမ်းဘေးဈေးရောင်းတဲ့ စာရင်းနဲ့ ဒီနေ့ ၂၀၁၅ ဈေးရောင်းတဲ့ ဈေးသည် အရေအတွက်ကို လေ့လာကြပေရော့။ ပြည်နယ်တိုင်းတစ်ခုမကျန် ရန်ကုန်ကိုတက်ပြီးတွေ့တဲ့ နေရာ ဆို

င်ခန်းထိုးပြီး ကိုယ့်ယောက္ခမမြေဂရန် အမည်ပေါက်သလို ထင်တိုင်းကျဲ နေကြတာ ကြာပေ့ါဗျာ။

၂၀၁၅ စည်ပင်အရာရှိလောင်းအသစ်တွေလည်း မဲဆွယ်တုန်းကလို မျိုး အပြောနဲ့ အလုပ်ဟုတ်မဟုတ် ကြည့်ရဦးမယ်။ ဒီနေ့ ရန်ကုန်မြို့ တော်ကြီးထဲမှာ အိုင်အက်စ်အစွန်းရောက်တွေကို အားကျပြီး လမ်းဘေး ဈေးသည် တွေ ထကြွသောင်းကျန်းနေတာ မြင်လို့ မကောင်းပါဘူး။ တာ မွေယာယီဈေးရှေ့မှာ လည်း ပလက်ဖောင်းကနေလွန်ထွက် လာပြီး ကားလမ်းအထိ အမှားကြမ်းခွ ဖိနေပြီလေ။ ဒီလို စရိုက်ကြမ်းကြမ်းနဲ့ ရ န်ကုန်မြို့တော်ကို အရည်ပျော်ကျအောင် ဒုက္ခပေးနေတဲ့ ဈေးသည် တွေ ကို အမြန်ဆုံးမရှင်းလင်းနိုင်ရင်တော့ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီး ဟာ သူတစ်လူငါတစ်မင်း သံသရာအတွင်းက လွတ်ကင်းကြမည်မဟု တ်။

ကျွန်ုပ်တို့ ဒီမိုကရေစီ မလိုချင်တော့ဘူး။ဘာကြောင့်လဲဆိုတော့ ကျွ န်ုပ်တို့ နိုင်ငံမှာ ရပ်ကွက်အာဏာရှင်၊ လိုင်းကားအာဏာရှင်၊ လမ်းဘေး ဈေးသည် အာဏာရှင်၊ သာသနာပြုအာဏာရှင်၊ နိုင်ငံတော်အာဏာရှင် ဆိုပြီး စသဖြင့် အာဏာတွေ အလွန်ပေါများ နေပြီလေ။ အဲဒီ အာဏာရှင် တွေ အားလုံးထဲမှာ အဆိုးဆုံးကတော့ ပြည်သူလူထုတွေကို ဒုက္ခပေးနေ တဲ့ လမ်းဘေးဈေးသည် တွေပါပဲဗျာ။ တချို့က လမ်းဘေးဈေးသည် ဆို တော့ စီးပွားရေးအဆင်မပြေလို့ လမ်းပေါ်ရောက်နေကြရတာ ဆိုပြီး ဖာ ထေးပြီး ရေးကြတယ်ဗျ။ အဲဒီ လို အသိတရားမရှိတဲ့ စာမူတွေကလည်း ခပ်ညံ့ညံ့ အယ်ဒီတာ။ ခပ်ညံ့ညံ့ သတင်းစာတိုက်မှာ ဖော်ပြခံရပြန်ရော။ အဲဒါကြောင့် အခုဆိုရင် လမ်းဘေးဈေးသည် တွေရဲ့ မိုက်ကြေးခွဲမှုကို မ ဟာရန်ကုန်မြို့တော်ကနေ ပြည်သူတွေ အလူးအလဲခံစားနေကြရတာ ပေါ့။

မိုက်ကြေးခွဲတယ်ဆိုတာ ကိုယ့်အကျိုး ရင်ဘတ်ကို လာဆွဲပြီး ဆဲဆိုခြိမ်းခြောက်မှ မဟုတ်ဘူး ။ လူတွေသွားလာရခက်အောင် ပြည်သူပိုင်မြေမှာ မတော်တရာဈေးဆိုင်တွေ လာခင်းနေတာလည်း မိုက်ကြေးခွဲတာပဲဗျာ။ အဆင်မပြေတိုင်း သည်းခံစောင့်ကြည့်နေမယ်ဆိုရင် ဘဂ်ါလီဒုက္ခသည် စခန်းက လူတွေ၊ ကချင်စစ်ဘေးရှောင်စခန်းနဲ့ တစ်နိုင်ငံလုံးမှာ ရှိတဲ့ ပြည်ထောင်စုဖွား။ တိုင်းရင်းသားတွေကို ရန်ကုန်မြို့ထဲမှာ နေရာချပေးကြပေါ့။ တစ်ခုတော့ရှိတယ်။ သူတို့ ဘာလုပ်လုပ်ခွင့်လွှတ်ရမယ်။ ဓားပြတိုက်လည်း စီးပွားရေး၊ မပြေလည်လို့ လုပ်တာပါလားဆိုတဲ့ ဉာဏ်ကြီးရှင်တို့ ရဲ့ အမြော်အမြင်နဲ့ ကြည့်။

လူသတ်မှုကျူးလွန်လည်း သြော် သူတို့ ဟာ စိတ်မထိန်းနိုင်လို့ လုပ်နေကြပါလားဆိုတဲ့ အတွေးနဲ့ ကြည့်။ ဘာပုဒ်မ ၃၀၂ တွေ၊ ၃၀၄ တွေနဲ့ မှ၁ ငြိစွန်းတယ်လို့ မယူဆနဲ့ ပေါ့။ လိမ်လည်တာတွေ ကျူးလွန်ရင်လည်း သြော် သူတို့ တွေ အဆင်မပြေလို့ လိမ်တာဆိုပြီး သည်းခံပေါ့။ ဟုတ်တယ်လေ။ စာရေးနောတချို့က လမ်းဘေးဈေးသည် ကို အပြစ်ပြောရင်မကြိုက်ချင်ဘူး။ အစိုးရကို ဆဲမှ သရော်စာထင်နေကြတော့ မခက်ပေဘူးလား။ ဒီလိုရေးလို့ သန်းထိုက်လူကို မြန်မာငမွဲငတေကို ဝန်ကြီးသမီးမဆိုထားနဲ့ ဆယ်အိမ်မှူးတူမကတောင်မှ မျက်နှာသာမပေးချင်ဘူး ။ ပေါက်ကရတွေပဲ ရေးလို့ တဲ့ ဗျာ။

ကျွန်ုပ်ကတော့ ရန်ကုန်မြို့တော်ကြီးကို စင်္ကာပူလိုဖြစ်အောင် ဆောင်ရွက်မယ်ဆိုတဲ့ အစိုးရအဖွဲ့ဝင် လူကြီးတစ်ချို့ကို အကြံပေးချင်တယ်ဗျ ။ ပြည်သူလူထုကိုချစ်ရင် တစ်သက်လုံး ဝဋ်ပိတ်ကျင့်ကြပါလို့ ။ ဟုတ်တယ်လေ ဒီလောက်လူဘေးသင့်နေတဲ့ ရန်ကုန်ကို သူတို့ စပါးတွေမို့ ပြောလို့ ထွက်ပါရဲ့ ဗျာ။

## ယာဉ်ထိန်းအဖွဲ့နှင့် ဘီအမ်ပြက်လုံးများ

ပြီးခဲ့သော သောကြာနေ့က မဟာရန်ကုန်မြို့ထဲကို ချီတက်တော့ ကျွန်ုပ်တို့ ရဲ့ ခရီးသွားဖော် ဘီအမ်ကြီးတွေကိုပဲ ရည်သန်စီးဆဲပေါ့။ ဘီအမ်ဆိုလို့ ရှင်းပြရဦးမယ်။ တချို့လူတွေ လိုင်းကားသာစီးနေတာ ဘီအမ်ခေါ်တဲ့ ကားအဓိပ္ပာယ်ကို မသိကြဘူးဗျာ။ B ဆိုတာ Broken ဘရုတ်ကန်း(အကျိုးအပဲ့) လို့ ဘာသာပြန်သလို၊ M ဆိုတာကတော့ Mix မစ်(ရောစပ်ခြင်း) ဖြစ်တယ်။ အဲဒီ တော့ BM ကို ဘာသာပြန်ရင် ဘရုတ်ကန်းမစ်အကျိုးအပဲ့ရောစပ်ထားတဲ့ ကားကြီးပေါ့။

မြောက်ဒဂုံ၅၀ကွေ့ နဲ့ မြို့ထဲကဆူးလေထ နေ့စဉ်ခုန်ပေါက်ထင်ရာစိုင်း ပြေးဆွဲနေတဲ့ အဲဒီ ဘီအမ်ကားကြီးတွေမှာ တချို့လည်း လက်ကိုင်တန်းတွေမရှိ၊ တချို့လည်း ထိုင်ခုံတွေ စုတ်ပျက် တချို့လည်း ဒရိုင်ဘာက ပါးစပ်ကြမ်းပေမယ့် ယာဉ်နောက်လိုက်က ထင်ရာဆဲဆိုနေလေ့ရှိတော့ တော်သေးတာပေါ့။ အဲဒီ ဘီအမ်လိုင်းနဲ့ ပတ်သက်ပြီး ရယ်စရာကောင်းတာက ဒီလိုဗျ ...။

ကျွန်ုပ်စာရေးနောကြီး ပျော်ပျော်နေသူ သန်းထိုက်သူ ဟိုတစ်ခါ ဘီအမ်ကြီးနဲ့ မြို့ထဲသွားတော့ ရွှေတိဂုံတိုင်မှတ်တိုင်နားမှာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ဘီအမ်ကြီးကို အချက်ပြတားဆီးပြီး စစ်ဆေးအရေးယူလိုက်တယ်ဗျ။ ဘာအမှုနဲ့ လုပ်လိုက်သလဲဆိုတော့ တံခါးဖွင့်ပြီးမောင်းနှင်လာလို့ တဲ့ ။ ကဲ ကောင်းရောဗျာ။ မြောက်ဒဂုံ ဘီအမ်တော်တော်များများ ခရီးသည် အတင်အဆင်းအပေါက်ဝမှာ ဘာတံခါးမှ တပ်မထားကြဘူး။ တံခါးပိတ်မရှိတဲ့ ကားကို တံခါးဖွင့်မောင်းမှုနဲ့ အရေးယူသတဲ့ ။

တချို့ယာဉ်ထိန်းရဲတွေကျတော့ ခပ်တည်တည်နဲ့ ကားကို ဆွဲထားတ

ယ်။ ပြီးရင် ကားသမားဆီသွားပြီး ပြုံးဖြီးဖြီးနဲ့ ပြန်လာတယ်။ ဘောင်းဘီအိတ်ထဲလက်နှစ်ဖက်ကို သေချာထည့်ပြီး ပတ်ဝန်းကျင်က မြန်မာလူမွဲတွေကို တောင် ဂရုမစိုက်တော့ဘူး။ ကျွန်ုပ်ကတော့ ယာဉ်ထိန်းရဲကို ကားသမားပိုက်ဆံပေးတာ မြင်တွေ့ခဲ့ရင်လည်း လာဘ်ပေးလာဘ်ယူလို့ မစွပ်စွဲပါဘူးဗျာ၊ ကားသမား အင်ဂျင်ဝိုင်ဖြည့်ဖို့ ပိုက်ဆံလိုတုန်းက ယာဉ်ထိန်းရဲဆီကနေ ချေးယူသွားပြီး အခုမှ ဝီစီမှတ်ရင်းပြန်တောင်းယူရတယ်လို့ ပဲ သဘောထားပါတယ်။

ကျွန်ုပ်မိတ်ဆွေ ဆရာအောင်သူတို့ ၊ ဆရာအေးနိုင်တို့ တောင်ဥက္ကလာပါရမီလမ်းမကြီး ဘေလီထိပ်မီးပွိုင့်မှာ တာဝန်ကျတုန်းကဆိုရင် တချို့ကားတွေ မီးနီဖြတ်လို့ တားပြီးအရေးယူမယ်လည်း လုပ်ရော ငါဘာကောင်၊ ငါညာကောင်ဆိုပြီး အမိန့်အာဏာရှိတဲ့ ကတ်ပြားတွေထုတ်ပြနေလို့ စည်းကမ်းပျက်ယာဉ်မောင်းကို အမှုမဖွင့်နိုင်တဲ့ အပြင် ဝန်ထမ်းလစာ ထမင်းအိုးလေး ကျကွဲမှာ စိုးရိမ်နေရသတဲ့ ။ ဒီခေတ်က တစ်မိန့်တစ်သံခေတ်လေဗျာ ဆိုပြီး ကျွန်ုပ်ကို ရင်ဖွင့်ခဲ့ဖူးတယ်။

ကျွန်ုပ်က ယာဉ်ထိန်းရဲတချို့နဲ့ ခင်မင်နေတော့ ဘယ်လူကြီးသားသမီးက လူပါးဝတယ်။ ဘယ်လူကြီးသားသမီး လိမ္မာယဉ်ကျေးတယ်ဆိုတာ အလွတ်မှတ်မိနေပြီဗျ။ ယာဉ်ထိန်းရဲ တွေ့တိုင်း အကျင့်သိက္ခာမပျက်ပါဘူး။ တချို့ရဲတွေဆိုရင် အလှူအတန်းသွားပေမယ့် စက်ချုပ်ယွင်းတဲ့ တက္ကစီတစ်စီးစီးကို ဝိုင်းထွန်းပေးရင်း ဘောင်းဘီကြီး ပေါင်ဂွတည့်တည့်ကနေ ကွဲပြဲသွားသတဲ့ ။ အိမ်ရောက်တော့ မိန်းမလုပ်သူက အဲဒီ လူမျိုးကိုယ့်ဘောင်းဘီအကွဲခံပြီး တစ်ကျပ်မှ မရတဲ့ အလုပ်ကို ရှင်မိုလို့ နွားကျတယ်ဆိုရင်း အပ်နဲ့ အပ်ချည်ရှိလျက်သားနဲ့ Stapaler (စတာပလာ) နှိပ်လိုက်သတဲ့ ။ စတာပလာဆိုတာ စက္ကူတွေ၊ စာရွက်စာတမ်းတွေကို တွဲဖို့ တီထွင်ထားတာလေ။ ဒါကြောင့် ယာဉ်ထိန်းတချို့ဟာ ကားသမားတွေ

ကို ကြောက်ရပေမယ့် အိမ်က မိန်းမကိုတော့ ခံမပြောရဲပါဘူးဗျ။

တစ်ခါကလည်း ဘီအမ်စီးပြီး မြို့ထဲကအပြန် ခြောက်ထပ်ကြီးဘုရားမှတ်တိုင်ကို မရောက်ခင်ကားက လမ်းဘေးထိုးရပ်ကာ ကျွန်ုပ်က စက်ပျက်တာလား၊ ဂတ်စ်ကုန်တာလားက ဆိုပြီး စိုးရိမ်နေတာ။ ကျွန်ုပ်လိုပဲ ကျန်တဲ့ ခရီးသည် တွေလည်း သက်ပြင်းတွေချရင်း စိတ်ညစ်နေတာပေါ့။ တစ်မိနစ်လောက်ကြာတော့ ယာဉ်မောင်းက သူ့ဘေးမှာ ရှိတဲ့ ရေသန့်ဘူးကို ဆွဲပြီး ကားပေါ်ကနေ ဆင်းချသွားတယ်။ ကားခေါင်းရှေ့တည့်တည့်ကို လျှောက်သွားတော့ သြော် အင်ဂျင်ပူလို့ များ ရေလောင်းသလားပေါ့။ ကျွန်ုပ်လည်း သူတို့ ရဲ့ လှုပ်ရှားမှုတွေကို အာရုံပြုနေတုန်း ပြုန်းခနဲ စပယ်ယာနှစ်ယောက်ရဲ့ အသံက ဒီလိုထွက်လာသဗျ။

“ ခင်ဗျား နောက်နေ့ကစပြီး ဒီကားကို လာမောင်းလို့ မရဘူး။ ခင်ဗျားက စောက်ရေကို မက်ရသလား။ ခရီးသည် တွေရဲ့ အသက်ကို နည်းနည်းလေးတောင် မစဉ်းစားဘူးလား ” ဆိုတော့မှ စာရှုသူတို့ ရေ ခရီးသည် တွေလည်း လန့်ဖြန့်ပြီး မဟာပထဝီမြေကြီးပေါ် ဆင်းသက်ကြရတော့တာပေါ့

ကျွန်ုပ်စာရေးနောလည်း စောစောက ရေသန့်ဘူးဆွဲပြီး ဆင်းသွားတဲ့ ဒရိုင်ဘာကို သွားပြေးကြည့်ရတော့တာပေါ့။ ကျွန်ုပ်ထင်တာက အင်ဂျင်ပူလို့ ရေဆင်းလောင်းတယ် မှတ်နေတာ။ ဘယ်ဟုတ်မလဲဗျာ အဲဒီယာဉ်မောင်း ငမူးငရူးက ကားရှေ့တည့်တည့်မှာ ထိုင်ရင်း သူ့ခေါင်းကို သူ ရေသန့်ဘူးနဲ့ လောင်းချပေးနေကိုး။ လူကလည်း ထိုင်နေတာတောင်မှ ခန္ဓာကိုယ်ကို မနည်းထိန်းနေရတာ လေ။ ဖြစ်မှ ဖြစ်ရလေဗျာ။ ဘီအမ်ကို ဘီအီးအရက်တွေ သောက်ပြီး တကမ်မောင်းနေရတယ်လို့ ။

တကယ်ပါဗျာ။ ကမ္ဘာ့ဂင်းနစ်မှတ်တမ်းအဖွဲ့နဲ့ တွေ့ရင်

ဒီအတွေ့အကြုံကို ပြောပြရမယ်ဗျ။ ဟုတ်တယ်လေ။ ယာဉ်မောင်း အရက်မူးလွန်နေလို့ ခရီးသည် တွေကို နောက်ကားနဲ့ ပြောင်းပြီး တင်ပေးရတဲ့ ဖြစ်ရပ်က ကျွန်ုပ်တို့ မြန်မာနိုင်ငံ ရန်ကုန်ဘီအမ်အုပ်စုမှာ ပဲ ရှိနေတာလေ။ အင်း ယာဉ်ထိန်းအဖွဲ့နဲ့ ဘီအမ်ပြက်လုံးတွေကတော့ တွေးမကုန် ရေးမကုန်ပေစွတကား။